# **NLD** ဥက္ကဋ္ဌ ဗိုလ်အောင်ရွှေ၏အထူးထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီတွင်းရှိ **BIA, BDA, PBF** တပ်မတော်သားဟောင်းများ၏ သဘောထားထုတ်ပြန်ချက်

(၁၃ – ၂ – ၂၀၀၆)

၁။ နအဖ စစ်အုပ်စုက ကြောက်ကန်ကန်ပြီး ‘နယ်ချဲ့လက်သစ်ကိုလိုနီလက်သစ်စသဖြင့်’ မိုးပြောချိုးပြော ပြောနေတာကို မိမိတို့ သဘောမတူပါ။ တကယ့်နယ်ချဲ့ဆန့်ကျင်ရေးလုပ်မည်ဆိုလျှင် ‘အမျိုးသားညီညွတ်ရေး’ ရှိရပါမည်။

၂။ အာဏာလက်မလွှတ်ချင်လို့ ‘ပါးစပ်နယ်ချဲ့ဆန့်ကျင်ရေး’ လုပ်နေတာကို ရပ်သင့်ပါပြီ။ NLD ဥက္ကဋ္ဌ၏ အဆိုပြုချက်ကို လက်ရှိတပ်မတော်စစ်ခေါင်းဆောင်များ (နောက်တလှမ်းဆုတ်ပြီး) စဉ်းစားစေချင်ပါသည်။ နိုင်ငံတကာဗဟုသုတရှိသော အမြော်အမြင်ကြည်လင်သည့် စစ်ခေါင်းဆောင်များ ဖြစ်ကြဖို့ လိုပါသည်။

၂၁ ရာစု နိုင်ငံတကာ့အခြေအနေတွင် ဗမာပြည်က ကန့်လန့်ကန့်လန့်ပါပြီး ကြားညှပ်ခံရလျှင် သက်သာမည်မဟုတ်ပါ။ ပျဉ်းမနားပြေးရုံဖြင့် – ပုဆိုးခြုံထဲက လက်သီးပြနေရုံဖြင့်ဆိုလျှင် မုချကြားညှပ်ခံရပါလိမ့်မည်။

၃။ မြန်မာ့နှစ်သစ်ကူး ၁၃၆၇/၆၈ သင်္ကြန်ကို ၁၉၄၅ ခုနှစ်က သင်္ကြန်မျိုး ဖြစ်စေချင်ပါသည်။